တောပု(မ)ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

တောပု(မ)ကျေးရွာ၊ မုံရွာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မုံရွာမြို့နယ် မှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	တောပု(မ)ကျေးရွာ သယံဇာတပြမြေပုံ၊ မုံရွာမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင် ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိက ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးတိုတက်ရေးလုပ်ငန်းကော်မတီ


တောပု(မ)ကျေးရွာ

မုံရွာမြို့နယ်


မုံရွာမြို့နယ်၊တောပုကျေးရွာအုပ်စု၊ တောပု(မ)ကျေးရွာ၏ ကျေးရွာသယံဇာတမြေပုံ



မုံရွာမြို့နယ် တောပုကျေးရွာအုပ်စု တောပု(မ) ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



မုံရွာမြို့နယ် တောပုကျေးရွာအုပ်စု တောပု(မ) ကျေးရွာ၏
အဖွဲ့အစည်းချိတ်ဆက်မှုပြပုံစံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောပု(မ)ကျေးရွာသည် တောပုကျေးရွာအုပ်စုတွင် ပါဝင်ပြီး မုံရွာမြို့နယ်၏ တောင်ဘက်ပိုင်းတွင် တည်ရှိပါသည်။ တောပု(မ)ကျေးရွာသည် မုံရွာ-မန္တလေးလမ်းမကြီး၏ အနောက်ဘက် (၇)ဖာလုံခန့်အကွာတွင် တည်ရှိပြီး မုံရွာမြို့နှင့်(၇)မိုင်ခန့် ကွာဝေးပါသည်။ တောပု(မ)ကျေးရွာအုပ်စု၏ ဧရိယာမှာ(၁၇၅)ဧက ကျယ်ဝန်းပါသည်။ တောပု(မ) ကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် မုံရွေးကျေးရွာအုပ်စုနှင့် ကြေးမုံကျေးရွာအုပ်စု၊ တောင်ဘက်တွင် ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာအစပ်ဖြစ်ပြီး ၊ အနောက်ဘက်တွင် ဘုဘကျေးရွာအုပ်စု ၊မြောက်ဘက်တွင် ကြာပိုင်ကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ် ထိစပ်လျက် ရှိပါသည်။ တောပု(မ)ကျေးရွာတွင် မြေပြန့်လွင်ပြင်သာရှိပြီး မြေဩဇာအသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးသီးနှံများလည်း အသင့်အတင့် ဖြစ်ထွန်းပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တောပု(မ) ကျေးရွာတွင် ပူနွေးစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၃၆) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၂၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လူနေအိမ်များထူထပ်ခြင်း၊ တောတောင်ရေမြေသဘာဝများ ရှားပါးခြင်းတို့ကြောင့် တောကြောင်၊ သင်းခွေချပ်၊ ကျီ၊ တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုး စသည့် တောရိုင်း တိရိစ္ဆာန်များ မရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောပု(မ) ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဓမ္မစကူးအဖွဲ့၊ အာယုပါလ သွေးလှူအသင်း၊ စေတနာရှင်လူမှုကူညီရေးအသင်း၊ မြင့်မြတ်သူနာရေးကူညီမှုအသင်း၊ ရွှေပါရမီ ပရဟိတအသင်း၊ ဂေါပကအဖွဲ့၊ မီးလင်းရေးကော်မတီ အဖွဲ့နှင့် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပြည်သူ့စစ်အဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပေ။ အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောပု(မ)ကျေးရွာတွင် လယ်မြေ(၄၆၂)ဧက၊ ဥယျာဉ်ခြံမြေ(၁၇)ဧက၊ လယ်မြေနှင့် ဥယျာဉ်ခြံမြေ စုစုပေါင်း (၄၇၉)ဧက ရှိပါသည်။ သီးနှံအထွက်နှုန်း အသင့်အတင့် ကောင်းမွန်မှုရှိပြီး ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံမှုမှာလည်း အသင့်အတင့်ရှိပါသည်။ ဥယျာဉ်ခြံထွက်သစ်သီးဝလံများအား ယခင်ကစျေးကွက်သို့ စျေးကွက်သို့တင်ပို့ရောင်းချမှုများ ရှိပါ သည်။ စိုက်ပျိုးရေး လုပ်ငန်းများတွင် တွင်းရေ ကိုသာ အားထားစိုက်ပျိုးကြပြီး ရေးသွင်းစိုက်ပျိုးနိုင် မည့် ရေအရင်း အမြစ်များ အလွယ်တကူ ရရှိနိုင်ပါသည်။ ကျေးရွာတွင် စပါး၊ ဂျုံ၊ ကွမ်း၊ ကုလားပဲ၊ ပဲစိမ်းငုံ စသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး ဥယျာဉ်ခြံထွက်သစ်သီးဝလံများလည်း စိုက်ပျိုး ကြပါသည်။ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေး နည်းပညာများ သိရှိမှုနည်းပါးခြင်း စသည်တို့ကြောင့် သီးနှံအထွက်နှုန်းလျော့နည်း နေရခြင်း ဖြစ်ပါသည်။ ဆင်းရဲသားတောင်သူအများစုသည် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်း လုပ်ကိုင်နေသူများသည့်အတွက် လယ်လုပ်ချိန်တွင် အချိန်နှင့်တပြေးညီတွင်ကျယ်စွာ ပြုလုပ် နိုင်ခြင်းမရှိသည့် အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့နေရပါသည်။ သီးနှံအထွက်နှုန်း တိုးစေရန် အတွက် တွင်းရေကိုသာ အဓိကအားထားရပြီး စိုက်ပျိုးမြေများတွင် မြေဆီဩဇာ မကောင်းခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း၊ စိုက်ပျိုးမြေမလုံလောက် သည့်အတွက် စိုက်ပျိုးမြေမတိုးချဲ့ နိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။

သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေဆီဩဇာမကောင်းခြင်း၊ နည်းပညာဗဟုသုတ နည်း ပါးခြင်း၊ ကောင်းမွန်သော သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်း သက်သာသော ချေးငွေများ အလွယ်တကူ မရရှိခြင်းတို့ ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှား ရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တောပု(မ)ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၇၉)စုရှိပြီး နွားကောင်ရေ (၇၁၅)ကောင်နှင့် ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၁၁)စုရှိပြီး ကြက်ကောင်ရေ(၈၅)ကောင်နှင့် ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၂)စုရှိပြီး ဘဲကောင်ရေ(၇)ကောင် ရှိပါသည်။ အချို့အိမ်ထောင်စုများတွင် မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး အများစုသည် တောင်သူလယ်သမားများသာ ဖြစ်ကြပါသည်။

တောပု(မ)ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေအလုံအလောက်မရှိပါသဖြင့် စီးပွားဖြစ်မွေးမြူမည်ဆိုပါက အဆင်မပြေနိုင်ပါ။ ကျေးရွာတွင် ကူးသန်းရောင်းဝယ်ရေးများ လုပ်ကိုင်နိုင်သည့်အတွက် ထုတ်ကုန်များကို လွယ်ကူစွာနှင့် ရောင်းချနိုင်သည်။ မျိုးကောင်း တိရိစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ပါ။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

တောပု(မ)ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် ရောင်းချကြသော စျေးဆိုင်ငယ်များ၊ အလှပြင်၊အပ်ချုပ်သမားအနည်းငယ်နှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ အများအပြား ရှိပါသည်။ ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့် ရှိပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ သွားလာရအဆင်ပြေပါသည်။ လူငယ်များအလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန် အသက်မွေးဝမ်း ကျောင်းသင်တန်းများ လိုအပ်နေပါသည်။

တောပု(မ)ကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့် အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေ အတွက် ကာလရှည်ချေးငွေလိုအပ်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း အရင်းအနှီး လုံလောက်မှုမရှိသဖြင့် အသေးစားလုပ်ငန်းများမစတင်နိုင်ခြင်းစသည့် အခက်အခဲများရှိနေပါသည်။

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဂျုံ၊ ကွမ်း၊ ကုလားပဲ၊ ပဲစိမ်းငုံ၊ နှင့် သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းအမျိုးမျိုးတို့ ပါဝင်ပါသည်။ မုံရွာမြို့နှင့် သွားလာရ မနီးမဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ပါသည်။

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောပု(မ)ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အခြားအသေးစား ပုဂ္ဂလိကချေးငွေကုမ္ပဏီများမှ ချေးငွေများရရှိပါသော်လည်း အတိုးနှုန်းကြီးစွာ ချေးယူရသဖြင့် စီးပွားရေးကြပ်တည်းမှုများ ဖြစ်ပေါ်နေပါသည်။ အချို့တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေ မရယူနိုင်ခြင်းများရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေးရမရသည်များ ရှိပါသည်။ ကျေးရွာသူ/ သား များအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများ ထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရပါသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများချေးယူရရှိမည် ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

<u>(က) ကျေးလက် သယ်ယူပို့ဆောင်ရေး</u>

တောပု(မ)ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စများတွင် အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်(၃၃၃)စီး၊ ထော်လာကျီ(၂)စီး၊ ကား(၃)စီး၊ စက်ဘီး(၃၁၆)စီး၊ နွားလှည်း(၃၃)စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် ၎င်းယာဉ်များဖြင့် အဓိကပို့ဆောင်ကြပါသည်။

ကျေးရွာတွင်းရှိ လမ်းများသည် မြေသားလမ်း၊ ကွန်ကရစ်လမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ရန်လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တောပု(မ)ကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများသည် လျှပ်စစ်မီးရရှိမှု မရှိပါ။ ထို့ကြောင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုများတွင် ကျောင်းသား/သူများအတွက် ပညာရေးအခက်အခဲဖြစ်စေပြီး သတင်းအချက်အလက် နည်းပညာ

ဗဟုသုတများကို လေ့လာရန် အခက်တွေ့စေပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမို ကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောပု(မ)ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၄၇၃)လုံး၊ စလောင်း(၁၂၈)လုံး၊ရေဒီယို(၁၈)လုံး၊ တီဗွီ(၂၀၁)လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှု ရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း ပြုလုပ်နိုင်ကြပြီး အင်တာနက်လက်လှမ်းမီမှု ရှိသည့်အတွက် သတင်းအချက်အလက်များ သိရှိနိုင်ကြပါသည်။

၆။ ပညာရေး

တောပု(မ)ကျေးရွာတွင်စာတတ်မြောက်မှု(၈၅)ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ(၁၁၄)ဦး အထိ ရှိနေပြီဖြစ်ပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၄၇၉)ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၁၉၈)ဦး ရှိပြီး အထက်တန်းပညာပြီးမြောက်မှုတွင်(၁၂၄)ဦးရှိပါသည်။

ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၂၅၆)ဦးရှိပြီး အမျိုးသမီးဦးရေပိုများပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်းသာ ရှိသည့်အတွက် အထက်တန်းပညာရေးအတွက် နီးစပ်ရာကျေးရွာများသို့ တက်ရောက်ရပါသည်။

ကျောင်းသား/သူဦးရေမှာ (၁၁၄)ယောက်ကျော်နီးပါးနှင့် ကျောင်းဆရာ /ဆရာမ (၁၂)ဦး ရှိပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ အသင့်အတင့် အနေအထားသာ ရှိပါသည်။ ကျောင်းသား/သူများ ကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကျောင်းအားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာမှုကို ဆောင်ရွက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောပု(မ)ကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍ မရှိပါ။ သွေးလွန်တုပ်ကွေး၊ ဆီးချိုနှင့် သွေးတိုးရောဂါများ အနည်းအကျဉ်း ဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိပါသည်။

တောပု(မ)ကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသောကြောင့် ဆေးကုသမှုခံယူရာတွင် ကျေးရွာတွင်းဦ့အဆင်ပြေကြပါသည်။ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်မှ သာမုံရွာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ တောပု(မ)ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် အဝီစိတွင်း/စက်တပ် (၁၆၇)တွင်း ရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံး အနေဖြင့် ရာသီ(၃)မျိုးလုံးတွင် သောက်သုံးရေ အလုံအလောက်ရှိပါသည်။

တောပု(မ)ကျေးရွာတွင် တစ်ရွာလုံးနီးပါး သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက် သော ရောဂါများ၊ ရာသီအလိုက် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေး

တောပု(မ)ကျေးရွာတွင်ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း သင်ကြားပို့ချထားခြင်းရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာ တွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများ ပြုလုပ် ပေးရန် လိုအပ်နေပါသည်။ ထို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြား တတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

တောပု(မ)ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့်ပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ တန်းတူသာ ရှိပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်ကြသဖြင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသား များ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၆၀၀၀)ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများတွင် ဝမ်းစာဖူလုံမှု အားနည်းပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများ အတွက်အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

နောက်ဆက်တွဲ ၃

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
အခြေခံအဆောက်အအုံ ကဏ္ဍ						
၁။	ကျေးရွာတွင်းကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်း	မိုးများချိန်တွင်လမ်းမြေများရေတိုက်စားမှုများဖြစ်ပေါ်ခြင်း	ကျေးရွာလုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်းကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်း
ပညာရေး ကဏ္ဍ						
၂။	စာသင်ကျောင်းဆောင်တိုးချဲ့တည်ဆောက်ခြင်း	စာသင်ခန်းများလုံလောက်မှုမရှိခြင်း	ကျေးရွာလုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း	စာသင်ကျောင်းဆောင် တိုးချဲ့တည်ဆောက်ခြင်း
လမ်း။တံတား ကဏ္ဍ						
၃။	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	မိုးများချိန်တွင်သွားလာရခက်ခဲခြင်း	လုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း
၄။	ကျေးရွာတွင်းကွန်ကရစ်လမ်းတည်ဆောက်ခြင်း	မိုးများချိန်တွင်သွားလာရခက်ခဲခြင်း	လုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း	ကျေးရွာတွင်းကွန်ကရစ်လမ်း တည်ဆောက်ခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု စီမံချက်	
အခြေခံအဆောက်အအုံ ကဏ္ဍ							
၅။	ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း	လယ်ကွင်းများမှ ကျေးရွာသို့ စိုက်ပျိုးသီးနှံများ သယ်ယူရန် ခက်ခဲခြင်း	စိုက်ပျိုးရေးအတွက်လယ်မြေပေါများခြင်းနှင့် လုပ်အားများရှိခြင်း	ငွေကြေး၊ နည်းပညာ	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်းနှင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း	

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – တောပုကျေးရွာ			ကျေးရွာအမည် – တောပု(မ)ကျေးရွာ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းများ	
၁	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ကျေးရွာတွင်းကျောက်ရိုးစီမြေကာနံရံပြုလုပ်ခြင်း (၉၆'x၆'- ၆")x၉") ကို ဆောက်လုပ်ခြင်း	
၂	အခြေခံအဆောက်အဦ	ပညာရေး	စာသင်ကျောင်းဆောင်တိုးချဲ့တည်ဆောက်ခြင်း(၉၀'x၃၀'x၁၀')	
၃	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း(၂၀'x၁၂'x၈')	
၄	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ကျေးရွာတွင်း ကွန်ကရစ်လမ်းတည်ဆောက်ခြင်း(၇၉၅'x၁၂'x၆")	
၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(မြေ+ကျင်း) (၃၆၉၀'x၁၂'x၂'-၉")	

နောက်ဆက်တွဲ (၁)

တောပုကျေးရွာအုပ်စု၊ တောပု(မ)ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းမြင့်	ဦးသန်းငွေ	၅/မရန(နိုင်)၁၉၉၉၂၈၈	၄၈	ဥက္ကဋ္ဌ	၀၉-၉၆၂၃၁၇၈၃
၂	ဦးသိန်းလင်း	ဦးသန်းရွှေ	၅/မရန(နိုင်)၁၁၉၅၅၇	၅၈	ဘဏ္ဍာရေးမှူး	၀၉-၉၅၅၂၅၃၇၁၃
၃	ဦးအောင်တင်ဝင်း	ဦးကျင်ဝိုင်	၅/မရန(နိုင်)၁၄၅၇၇၉	၄၇	အတွင်းရေးမှူး	၀၉၇၅၄၇၉၄၅၅၀
၄	ဒေါ်ခင်တိုးဝင်း	ဦးစောဝင်း	၅/မရန(နိုင်)၁၇၂၄၄၅	၃၂	စာရင်းကိုင်	၀၉-၇၉၆၇၉၀၈၂၇
၅	ဦးစိုးရွှေ	ဦးခင်မောင်	၅/မရန(နိုင်)၁၁၉၂၀၇	၅၀	အဖွဲ့ဝင်	၀၉-၇၉၉၈၇၅၇၄၀
၆	ဒေါ်ဆွေဆွေထွန်း	ဦးအောင်မြင့်စိန်	၅/မရန(နိုင်)၁၀၆၀၆၅	၂၈	အဖွဲ့ဝင်	၀၉-၉၅၆၆၇၁၃၁၈
၇	ဒေါ်ဇင်မာဝေ	ဦးဌေးလင်း	၅/မရန(နိုင်)၂၄၀၈၃၉	၃၅	အဖွဲ့ဝင်	၀၉-၉၈၁၅၅၀၃၉၈

တောပုကျေးရွာအုပ်စု၊ တောပု(မ)ကျေးရွာ၏

ကျေးရွာမှအဆိုပြုသော စီမံချက်များအတွက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်း	၈	၈	၇	၇	၇	၇	၆	၆	၅	၄	၆၅	၁
၂	စာသင်ကျောင်းဆောင်တိုးချဲ့တည်ဆောက်ခြင်း	၅	၅	၅	၅	၅	၅	၅	၅	၅	၅	၅၀	၂
၃	ကျေးရွာတွင်းတံတား တည်ဆောက်ခြင်း	၅	၅	၄	၃	၃	၃	၃	၃	၃	၃	၃၅	၃
၄	ကျေးရွာတွင်း ကွန်ကရစ်လမ်း တည်ဆောက်ခြင်း	၅	၃	၃	၂	၂	၂	၂	၂	၂	၂	၂၅	၄
၅	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၃	၂	၂	၁	၁	၁	၁	၁	၁	၁	၁၅	၅

စစ်ကိုင်းတိုင်းဒေသကြီးမုံရွာခရိုင်၊ မုံရွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်တွင် (VDP)စီမံကိန်းဆောင်ရွက်မည့်

တောပု(မ)ကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈	၂၀၂၉
၁	ကျေးရွာတွင်းကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း	၁	✓					
၂	စာသင်ကျောင်းဆောင်တိုးချဲ့တည်ဆောက်ခြင်း	၂		✓	✓	✓	✓	✓
၃	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	၃		✓	✓	✓	✓	✓
၄	ကျေးရွာတွင်း ကွန်ကရစ်လမ်းတည်ဆောက်ခြင်း	၄		✓	✓	✓	✓	✓
၅	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၅		✓	✓	✓	✓	✓

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၀	၂၀	၅၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၀	၃၅	၆၅		၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၅	၄၀	၇၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၀	၄၃၇	၈၃၇	၆	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅၅	၇၅	၁၃၀	၃	၁၂
စုစုပေါင်း		၅၅၂	၆၁၀	၁၁၆၂	၉	၁၄
စုစုပေါင်း အိမ်ထောင်စု		၂၆၅				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ် ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ် ၊အသက်၆၅နှစ် နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် ကျေးရွာလူဦးရေဆိုင်ရာ အခြေအနေမှာ ကျား(၅၅၂)ဦး၊ မ(၆၁၀)ဦးနှင့် မသန်စွမ်း(၂၃)ဦး စုစုပေါင်း(၁၁၈၅)ဦး ရှိပါသည်။ အိမ်ထောင်စု (၂၆၅)စု နေထိုင်လျက်ရှိ ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေသည် ကျေးရွာလူဦးရေ၏ (၇၀.၆၃%) ရှိပါသည်။ ၎င်းအချက်မှာ ကျေးရွာအတွက် အားသာချက် တစ်ခုဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂၀၃	၃၀၄	၄၇	၁၈၃	၁၁၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅၈		၄၁	၁၂၃	၁၂၄		မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၇၉						မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							

	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁				၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							မြင့် □ လတ်□ နိမ့် □
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း							

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည် နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလို ပါသည်။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ကြပြီး အချို့မှာ အခြားဝင်ငွေရလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။ အဓိက စိုက်ပျိုးရေးအဖြစ် စပါး၊ ဂျုံ၊ကုလားပဲ နှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးလျက်ရှိပါသည်။ ကွမ်းနှင့် သစ်သီးဝလံ ပန်းမန်များလည်း အနည်းငယ်စိုက်ပျိုး လုပ်ကိုင်ကြ ပါသည်။ လုပ်သားရရှိမှုတွင် သီးနှံပေါ်ခြိုန်၌ ရွာတွင်းအင်အားအပြင် အခြားနီးစပ်ရာ ရွာများမှ ငှားရမ်းအသုံးပြုလျက် ရှိပါသည်။ ကာယအင်အားဖြင့် အသက်မွေးဝမ်း ကျောင်းပြုသည့်သူများ နည်းပါးကြပြီး အချို့မှာ လုပ်ငန်းအပေါ် မူတည်၍ မြို့ပေါ်သို့ တက်ရောက် လုပ်ကိုင်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ။ တောပု(မ)ကျေးရွာသည် လုပ်အားကဏ္ဍတွင် လုပ်ငန်းအပေါ် မူတည်၍ လုပ်အားခနှုန်းထားများ ကွာခြားလျက်ရှိပါသည်။ လုပ်အားခနှုန်းထားများမှာ ကျား/မအလိုက် ကွာခြားလျက်ရှိ ပါသည်။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းအတွက် ရှားပါးသည့်အနေအထား မဟုတ်ပေ။ လုပ်အားခနှုန်းထားများ သည် အများအားဖြင့် တည်ငြိမ်သော်လည်း ကောက်ပဲသီးနှံများပေါ်ခိုန်၌ သူ့ထက်ငါ ဈေးကွက်သို့ အမြန်ရောက်ရှိရန် အတွက် လုပ်သားဈေးကွက် လုယက်ခြင်းကြောင့် နှုန်းထားအနည်းငယ်ပြောင်းလဲမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄၆၂.၁၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၇.၃၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနီတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၇၉.၅၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ . တောပု(မ) ကျေးရွာသည် လယ်မြေ၊ဥယျာဉ်ခြံမြေဟူ၍ (၂)မျိုးရှိပြီး လယ်မြေလုပ်ငန်းတွင် အများဆုံး လုပ်ကိုင်ကြပါသည်။လယ်မြေပိုင်ဆိုင်မှုတွင်(၄၆၂.၁၇)ဧက၊ နှင့် ဥယျာဉ်ခြံမြေပိုင်ဆိုင်မှုတွင် (၁၇.၃၅)ဧက ခန့် ရှိပါသည်။ စိုက်ပျိုးသီးနှံများမှာ ပဲအမျိုးမျိုး၊နှမ်း၊ ကြက်သွန်၊ ကွမ်း စသည့်သီးနှံများ အဓိကထား စိုက်ပျိုး ကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် မြေပေါ်ရေ အသင့်အတင့်ရရှိပြီး မြေအောက်ရေအနေဖြင့် ပေါများစွာထွက်ရှိပြီး အခြားဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု		၉၃	၁၇၂	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် အိမ်ထောင်စု(၂၆၅)စုခန့်ရှိပြီး ဓနအင်အားအဆင့်တွင် အခြားကျေးရွာများနည်းတူ သာမန်မျှသာ ရှိပါသည်။ မပြေလည်သော အိမ်ထောင်စုမှာ(၁၇၂)ဦး ခန့်သာရှိပြီး အသင့်အတင့်ပြေလည်သော အိမ်ထောင်စုမှာ (၉၃)ဦးခန့် ရှိနေပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၅၀	၇	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၈ လုပ်အားခကြိုယူ = ၁၉
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၆၀	၁၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၁၅

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဖြစ်မှာ၂၂လအထိ ဝမ်းစာဖူလုံမှု	၄၀	၅	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် ဝမ်းစာဖူလုံမှုအခြေအနေမှာ အသင့်အတင့်ရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁၇	၃၀	၄၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၄၃		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃၀)စု ရှိသည့်အတွက် ထိခိုက်လွယ်မှုရှိသည်ဟု ဆိုနိုင်သော်လည်း ၎င်းမိသားစုဝင် များတွင် အလုပ်လုပ်နိုင်သူများ ပါရှိနေ၍ ထိခိုက်လွယ်မှုအား များစွာမသက်ရောက်နိုင်ပေ။ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူဦးရေ နည်းပါး ကြောင်း တွေ့ရှိရပြီး မသန်စွမ်းသူတစ်ဦးအား ဆွေမျိုးသား ချင်းနှင့် အနီးပတ်ဝန်းကျင် ပုဂ္ဂိုများမှ အနည်းငယ် ပြုစုစောင့်ရှောက်နေကြောင်း တွေ့ရှိရပါသည်။ မိသားစုစား၀တ်နေရေးအတွက် အခြားဒေသများသို့ အချိန်ကာလကြာမြင့်စွာ ပြောင်းရွေ့လုပ်ကိုင် နေရသူ အနည်းငယ်သာ ရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		☑		☑		
၂	လျှပ်တပြတ်ရေကြီးခြင်း		☑		☑		
၃	မုန်တိုင်းဒီရေ	☑			☑		
၄	ဆူနာမီ	☑			☑		
၅	တိုင်ဖုန်းမုန်တိုင်း	☑			☑		
၆	လေဆင်နှာမောင်း	☑			☑		
၇	ငလျင်	☑			☑		
၈	အပူလှိုင်း		☑			☑	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☑			☑		
၁၀	အအေးလှိုင်း	☑			☑		
၁၁	မိုးသီးကြွေကျမှု	☑			☑		
၁၂	မိုးခေါင်ခြင်း		☑			☑	
၁၃	တောမီးလောင်ခြင်း	☑			☑		
၁၄	မြစ်ကမ်းပါးပြိုခြင်း	☑			☑		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	☑			☑		
၁၆	မြေပြိုခြင်း	☑			☑		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		☑			☑	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		☑		☑		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☑			☑		

၂၀	သစ်တောပြုန်းတီးခြင်း	☑			☑		
၂၁	၄က်ဖျားရောဂါ	☑			☑		
၂၂	တီဘီရောဂါ	☑			☑		

	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☑			☑		
၂၄	ကပ်ရောဂါ	☑			☑		
၂၅	ပြည်တွင်းပဋိပက္ခ			☑		☑	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☑			☑		
၂၇	လူကုန်ကူးခြင်း	☑			☑		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		☑			☑	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။

။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။
အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်မှု နည်းပါးပါ သည်။ မုံရွာမြို့နှင့် (၇)မိုင်ခန့်သာ ကွာဝေးသည့်အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူသည့် အပိုင်းတွင် ရှိနေပါသည်။ တိရိစ္ဆာန်ရောဂါကျရောက်မှု အပိုင်း၌ ရာသီအလိုက် ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများသာ အနည်းငယ်ဖြစ်ပွားလျက်ရှိပြီး ကုသမှုလွယ်ခြုံနိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှု နည်းသည်ဟု သုံးသပ်ရပါသည်။ အပူပိုင်းဒေသဖြစ်သည့်အတွက် ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးခေါင်ရေရှားခြင်းဒဏ်အား နှစ်စဉ်လိုလို ခံစားနေရပါသည်။ တောပု(မ)ကျေးရွာ သည် နိုင်ငံရေး ပဋိပက္ခများကြုံတွေ့နေရနေရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	☑			☑		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		☑		☑		
၃	ဆင်းရဲသားတောင်သူ		☑		☑		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်ေထိုင်သူ	☑			☑		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑			☑		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☑			☑		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူမျ ားး (IDP)	☑			☑		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	☑			☑		
၉	ငါးကန်ပိုင်ရှင်များ	☑			☑		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		☑		☑		
၁၁	လူနည်းစုလူမျိုးများ	☑			☑		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ			☑		☑	
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	☑			☑		
၁၄	ရွှေတွင်းလုပ်သားများ	☑			☑		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	☑				☑	
၁၆	နေရပ်ပြန်အခြေချသူများ	☑				☑	
၁၇	ရွှေ့ပြောင်းလုပ်သားများ	☑			☑		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	☑			☑		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာသည် ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှု နည်းပါးကြပြီး မိရိုးဖလာ စိုက်ပျိုးရေး လုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်ကြပါသည်။ ယခုကောက်ယူရရှိသော အချက်အလက်နှင့်ကိန်းဂဏန်းများအရ ထိခိုက်လွယ်သူဦးရေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကူးစက်ရောဂါနှင့် မတော်တဆထိခိုက်မှုအပိုင်းတွင် အနည်းငယ်ရှိပြီး ကုသမှုအပိုင်းတွင် တိုက်နယ် ဆေးရုံ၊ ကုတင်(၅၀၀)ဆံ့ မုံရွာပြည်သူ့ဆေးရုံကြီးနှင့် နီးသည့်အတွက် ထိခိုက်နိုင်မှုအခြေအနေ နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကူး	၁☑၂☐၃☐	၁၀	၁၅	၂၅	ပညာရေး☑ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

၂	အာယုပါလ (သွေးလှူရှင် အသင်း)	၁☑၂☐၃☐	၅	၅	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃	ရွှေပါရမီ	၁☑၂☐၃☐	၂၀		၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

၄	စေတနာရှင် လူမှုကူညီရေး အသင်း	၁☑☐၂☐၃☐	၂၀		၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၅	မြင့်မြတ်သူ နာရေးကူညီ မှု အသင်း	၁☑၂☐၃☐	၂၀		၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၆	ပြည်သူ့စစ်	၁☑၂☐၃☐	၁၄၅		၁၄၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၇	ဂေါပကအဖွဲ့	၁☐၂☐၃☑	၃၀		၃၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ တောပု(မ)ကျေးရွာသည် ဘာသာရေးအသင်းအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့၊ ကျေးရွာတွင်း လူထုအခြေပြုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားရှိပြီး လက်ရှိနိုင်ငံရေးအခြေအနေအရ ကျေးရွာလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းထားရှိကာ အားကောင်းသောအဖွဲ့အစည်းများ ပါဝင်နေပါသည်။ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့တွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်ကြပြီး ဓမ္မစကူးအဖွဲ့တို့သည်လည်း ကျေးရွာ၏ အများပြည်သူများအား ယဉ်ကျေးလိမ္မာစေ ရန်နှင့် ဘာသာတရားကိုင်းရှိုင်းမှု တိုးပွားလာစေရန် လမ်းပြပေးနေသည့် အသင်းအဖွဲ့တစ်ခု ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

-၃၆-

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ တောပု(မ)ကျေးရွာသည် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးေဆာင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၀	၃၀	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၈၀	၁၆	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၃၀	၁၀	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၃၀	၇	တောင်သူလတ်
၅	၁၂.၅ကေအထက်	၅	၁	တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးေဆာင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၆၅	၆၄	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောပု(မ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၆၅)စုရှိသည့်အနက် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်မှာ (၆၄)စုရှိပါသည်။ မြေယာပိုင်ဆိုင်မှု အခြေအနေအား ကိန်းဂဏန်းများအရ ကွာဟမှုများပြားနေပါသည်။ ယခုဇယားသည် ဖွံ့ဖြိုးရေးအမြင်ဖြင့် သတ်မှတ်ထားသော်လည်း သီးနှံစိုက်ပျိုးချိန်များ၌ အလုပ်အကိုင်ပေါများကြောင်းနှင့် လုပ်အားမလုံလောက်၍ အခြားဒေသမှ လုပ်သားများ ခေါ်ယူလုပ်ကိုင်နေရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□အပြောင်းအလဲမရှိ☑
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□အပြောင်းအလဲမရှိ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□အပြောင်းအလဲမရှိ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ရာ	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး☑အပြောင်

စဉ်	အရင်းအမြစ်	ရေသောက်(ကေ)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			သီအလိုက်□ မဖြေဆိုပါ□		်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော☑တိုး□အပြောင််းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့□တိုး□အပြောင််းအလဲမရှိ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□အပြောင််းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ တောပု(မ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၊ အဝီစိတွင်း၊ လက်ငင်ရေတွင်း စသည့်မြေအောက်ရေများအား ရယူသုံးစွဲလျက်ရှိပြီးနှင့် မြေပေါ်ရေအနေဖြင့် ချောင်းရေကိုသာ ရယူသုံးစွဲလျက်ရှိပါသည်။ မြေအောက် ရေသည် တစ်နှစ်ပတ်လုံးသုံးစွဲရန်အဆင်ပြေသော်လည်း မြေပေါ်ရေဖြစ်သည့် မိုးရေနှင့် ချောင်းရေသည် မိုးရာသီမှသာ စိုက်ပျိုးရေအတွက် အသုံးပြုနိုင်ခြင်း ဖြစ်ပါသည်။

၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ဂျုံ	၁၅၀	တင်း	၂၀	၃၀	၂၅	နိုဝင်ဘာ	မတ်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
စပါး	၁၅၀	တင်း	၇၀	၈၀	၇၅	ဇူလိုင်	နိုဝင်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
							ဘာ			
ကုလားပဲ	၅၀	တင်း	၁၀	၂၀	၁၅	နိုဝင်ဘာ	မတ်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
	၄၅၀							မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောပု(မ)ကျေးရွာသည် အဓိကစိုက်ပျိုးရေးသီးနှံအဖြစ် ဂျုံ၊ စပါးနှင့် ကုလားပဲတို့ကို အဓိကစိုက်ပျိုးကြပြီး ဥယျာဉ်ခြံထွက်သီးနှံများလည်း စိုက်ပျိုးလျက်ရှိပါသည်။ သီးနှံထွက်ရှိမှုများသည် တည်ငြိမ်မှုမရှိဘဲ မြေဆီမြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုတို့အပေါ် မူတည်နေပါသည်။ မိုးခေါင်ရေရှားမှု ရာသီဥတု ဖောက်ပြန်မှုနှင့် မြေဆီလွှာပျက်စီးမှုတို့ကြောင့် သီးနှံထွက်ရှိမှုများ နှစ်စဉ်လျော့နည်းလာနေပါသည်။ ထို့ကြောင့်သွင်းအားစု လိုအပ်ချက် များ နှစ်စဉ်များပြားလာပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာနှင့် အကြံပြုချက်များ လိုအပ်လျက်ရှိပါသည်။

(၄၉) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
